# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၂/ ၂၀၂၃) ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်

| ၁၆ – ၁၁ –၂၀၂၃ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀ |
| ယူရို | ၂၂၇၈.၃ |
| စင်္ကာပူဒေါ်လာ | ၁၅၅၆.၉ |
| စတာလင်ပေါင် | ၂၆၀၃.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၃၈၈.၀ |
| တရုတ်ယွမ် | ၂၈၉.၇၂ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၉.၀၇ |
| အိန္ဒိယရူပီး | ၂၅.၂၃၁ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၂.၅၉ |
| မလေးရှားရင်းဂစ် | ၄၄၈.၀၀ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၆၉၅ |
| ထိုင်းဘတ် | ၅၉.၁၇၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၆၄၅၄ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ရုရှားနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် စားနပ်ရိက္ခာတင်ပို့မှု ၁၉ ရာခိုင်နှုန်း တိုးလာ

➢ ရုရှားနိုင်ငံ၏ ရေထွက်ကုန်များ တင်သွင်းမှုသည် ၂၀၂၃ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းတိုးတက်ခဲ့

➢ အိန္ဒိယနိုင်ငံ၏ ကော်ဖီကဏ္ဍကျဆင်းမှုနှင့်အတူ ကမ္ဘာ့ကော်ဖီ အထွက်နှုန်းများ ကျဆင်းလာဟု အပြည်ပြည်ဆိုင်ရာကော်ဖီအဖွဲ့ (ICO) ဖော်ပြ

➢ အိန္ဒိယဗဟိုအစိုးရက Bharat Dal တံဆိပ် ကုလားပဲထုပ်များကို တစ်ကီလိုလျှင် ရူပီး ၆၀ ဖြင့် ရောင်းချပေး

➢ ထိုင်းဘတ် ၅၆ ဘီလီယံကို ဆန်စပါးထောက်ပံ့ပေးရာတွင် အသုံးပြုရန် အတွက် ထိုင်းနိုင်ငံအစိုးရအဖွဲ့ သဘောတူ

➢ ထိုင်းနိုင်ငံ ပြည်တွင်းသကြားဈေးနှုန်း၂ ဘတ် တိုးမြှင့်ရန် အစိုးရအဖွဲ့ သဘောတူ

- **အထွေထွေသတင်းများ**

➢ ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်များရှိသည့် နိုင်ငံများစာရင်းတွင် မြန်မာ ပါဝင်ကြောင်း ရုရှားအစိုးရက အတည်ပြု

➢ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ အတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း နှင့် နိုင်ငံတကာ စားသောက်ကုန်ဈေးနှုန်းသတ်မှတ်ချက်များ ကျဆင်းခဲ့ကြောင်း ဖော်ပြခြင်း

- တရုတ်နိုင်ငံသည် Trans–Pacific Partnership Agreement (CPTPP) သို့ ဝင်ရောက်နိုင်ရန် လုပ်ဆောင်နေ
- အိန္ဒိယနိုင်ငံသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် အဆင့်မြှင့်တင်ထားသော အီလက်ထရွန်းနစ်စနစ်သုံး ဘဏ်အသိအမှတ်ပြုလက်မှတ်စနစ်အား နိုဝင်ဘာ ၁၅ ရက်မှ စတင်၍ စမ်းသပ်ဆောင်ရွက်မည်

## ရုရှားနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် စားနပ်ရိက္ခာတင်ပို့မှု ၁၉ ရာခိုင်နှုန်း တိုးလာ

ရုရှားနိုင်ငံသည် ၂၀၂၃ ခုနှစ် အစပိုင်းမှစတင်၍ စားနပ်ရိက္ခာတင်ပို့မှုသည် ၂၀၂၂ ခုနှစ်၊ အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၉ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး Ms. Marina Afonina က ပြောကြားခဲ့သည်။

အစောပိုင်းတွင် ဒုတိယဝန်ကြီးချုပ် Ms. Victoria Abramchenko က ရုရှားလယ်ယာ ထွက်ကုန်တင်ပို့မှုသည် ၂၀၂၂ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အမေရိကန် ဒေါ်လာ ၄၁.၅ ဘီလီယံကျော်အထိ ရရှိခဲ့ကာ ၎င်းတို့အနက် ရင်းနှီးသောနိုင်ငံများသို့ တင်ပို့မှုမှာ ၃၄ ဘီလီယံအထိ ရှိကြောင်း ကြေညာခဲ့သည်။

ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ ရုရှားနိုင်ငံမှ လယ်ယာထွက်ကုန်များ တင်ပို့မှုသည် ၂၀၂၃ နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံကျော်အထိ ရှိလာမည်ဖြစ် ကြောင်း သိရှိရပါသည်။

ရုရှားနိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်များကို အကြွင်းမဲ့တင်သွင်းခဲ့သည့် နိုင်ငံအဖြစ်မှ အကြီးဆုံး ပို့ကုန်တင်ပို့သူအဖြစ် ကူးပြောင်းခဲ့ကြောင်း၊ ကမ္ဘာတွင် ရုရှားဂျုံတင်ပို့မှုမှာ ပထမနေရာ၌ ရပ်တည်နေသည်မှာ လွန်ခဲ့သည့် ရှစ်နှစ်ခန့်ကပင်ဖြစ်ကြောင်း၊ ရုရှားတွင် အလွန်ကောင်းမွန်သော ဈေးကွက်အလားအလာရှိကြောင်း၊ ယခု ၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံ၌ ဂျုံတန်ချိန် ၁၄၇ သန်း ရိတ်သိမ်းခဲ့ပြီး ၆၀ သန်းခန့် တင်ပို့နိုင်ရန် ရည်မှန်းထားကာ ယခုထက်ပို၍ ကမ္ဘာ့စားနပ်ရိက္ခာ ဈေးကွက်သို့ တင်ပို့နိုင်ရန်အတွက် ပံ့ပိုးသွားမည်ဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ပြောကြားခဲ့ပါသည်။

Source : http://www.finmarket.ru/news/၆၀၆၇၉၇၄
https://kvedomosti.ru/?p=၁၁၄၈၀၂၈
ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

---

## ရုရှားနိုင်ငံ၏ ရေထွက်ကုန်များ တင်သွင်းမှုသည် ၂၀၂၃ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းတိုးတက်ခဲ့

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ပထမဆယ်လတွင် ရုရှားနိုင်ငံ၏ ရေထွက်ကုန်များ တင်သွင်းမှုပမာဏသည် တန်ချိန် ၄၉၂,၅၀၀ သို့ ရောက်ရှိခဲ့ပြီး ၁၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၎င်းသည် ၂၀၂၂ ခုနှစ်၊ အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆.၅ ရာခိုင်နှုန်း တိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၂.၁ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း ရုရှားငါးလုပ်ငန်း

Agribusiness & Trade

ဆိုင်ရာဖက်ဒရယ်အေဂျင်စီ(Russia's Federal Agency for Fishery)က သတင်းထုတ်ပြန်ခဲ့ပါသည်။

အဓိက တင်သွင်းသည့် ရေထွက်ကုန်များမှာ အေးခဲထားသော ငါးများ၊ ငါးအသားလွှာ များနှင့် အခြားငါးအသားများ၊ ပုစွန်များ၊ ခရုများ၊ ရေနေသတ္တဝါများ၊ ငါးဥများ၊ စည်သွပ်ငါးများ၊ စည်သွပ်ပုစွန် နှင့် ခရုများ တို့ဖြစ်ပါသည်။

၂၀၂၃ ခုနှစ် ပထမဆယ်လတွင် ရုရှားရေထွက်ကုန်များ တင်ပို့မှုပမာဏသည် တန်ချိန် ၁.၉ သန်းခန့်ရှိပြီး ၂၀၂၂ ခုနှစ်၊ အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်း တိုးတက် လာကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄.၈ ဘီလျံအထိ ရောက်ရှိခဲ့ကြောင်း အဆိုပါအေဂျင်စီ၏ ထုတ်ပြန်ချက်၌ ဖော်ပြထားပါသည်။

အဓိက တင်ပို့သည့် ရေထွက်ကုန်များမှာ အေးခဲထားသောငါးများ၊ ငါးအသားလွှာများ နှင့် အခြားငါးအသားများ၊ ပုစွန်များ၊ ခရုများနှင့် ရေနေသတ္တဝါများ ဖြစ်ပါသည်။

ထို့အပြင် ရုရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ ရေထွက်ကုန် တင်ပို့မှုပမာဏသည် ပြီးခဲ့သည့် ဆယ်လအတွင်း နှစ်ဆတိုးလာခဲ့ပြီး တန်ချိန် ၉၄၄,၀၀၀ အထိ ရောက်ရှိလာခဲ့ကြောင်း၊ ရုရှားနှင့် တရုတ်နိုင်ငံအကြား ရေထုတ်ကုန်များ အပြန်အလှန်ကုန်သွယ်မှုပမာဏသည် ၂၀၂၂ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၉၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး တန်ချိန် ၁ သန်းအထိ ရောက်ရှိခဲ့ကြောင်း ယင်းအေဂျင်စီက မှတ်ချက်ပြုခဲ့သည်။

Source : https://tass.ru/ekonomika/၁၉၂၃၁၂၉၅

https://fishnews.ru/news/၄၈၅၉၈

ခွန်မျိုးသူ၊စီးပွားရေးသံမှူး
မော်စကိုမြို့

---

**အိန္ဒိယနိုင်ငံ၏ ကော်ဖီကဏ္ဍကျဆင်းမှုနှင့်အတူ ကမ္ဘာ့ကော်ဖီအထွက်နှုန်းများ ကျဆင်းလာဟု အပြည်ပြည်ဆိုင်ရာကော်ဖီအဖွဲ့ (ICO) ဖော်ပြ**

၁။ အိန္ဒိယနိုင်ငံ၏ ကော်ဖီကဏ္ဍသည် ရာသီဥတုမှုမမှန်ခြင်းကဲ့သို့ စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေသည့်အတွက် ကော်ဖီသီးနှံထွက်ရှိမှုနှင့် ကော်ဖီအရည်အသွေးအပေါ်ထိခိုက်မှုရှိနိုင်သည့်အတွက် ၂၀၂၃-၂၄ ခုနှစ်၊ ကော်ဖီသီးနှံရာသီတွင် အထွက်နှုန်းကျဆင်းဖွယ်ရှိကြောင်း သိရသည်။ အလားတူ ၂၀၂၂-၂၃ ခုနှစ်တွင် ကမ္ဘာ့ကော်ဖီအထွက်နှုန်းသည်လည်း အိတ်ပေါင်း ၇ ဒသမ ၃ သန်း ကျဆင်းမည်ဟု အပြည်ပြည်ဆိုင်ရာကော်ဖီအဖွဲ့ (The International Coffee Organization-ICO) ၏ မကြာသေးမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ ခန့်မှန်းဖော်ပြထားကြောင်း သိရသည်။

၂။ အိန္ဒိယနိုင်ငံကော်ဖီဘုတ်အဖွဲ့က ယခုနှစ်ကော်ဖီအထွက်ကို အာရေဗီးကားကော်ဖီ တန်ချိန် ၁ ဒသမ ၁၃ သိန်းနှင့် ရိုဗက်စတာကော်ဖီ တန်ချိန် ၂ ဒသမ ၆၁ သိန်း၊ စုစုပေါင်း တန်ချိန် ၃ ဒသမ ၇၄ သိန်းထွက်ရှိမည်ဟု ကနဦးခန့်မှန်းထားသည်။ သို့သော် ကာနာတကာပြည်နယ် ကော်ဖီစိုက်ပျိုးသူများအသင်း (Karnataka Planters Association–KPA) ဥက္ကဋ္ဌ Mahesh Shashidhar နှင့် အိန္ဒိယတောင်ပိုင်း သီးနှံစိုက်ပျိုးသူများ အသင်းချုပ် (The United Planters' Association of Southern India–UPASI) ၏ ကော်ဖီ ကော်မတီဥက္ကဋ္ဌ Ajoy Thipaiah တို့ကဲ့သို့ ကျွမ်းကျင်သူများက ရာသီဥတုမူမမှန်မှုများကြောင့် ကော်ဖီသီးနှံ၏ အမှန်တကယ်ထွက်ရှိမှုသည် မူလခန့်မှန်းထားသည်ထက် ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျော့ကျဖွယ်ရှိမည်ဟု ခန့်မှန်းထားကြသည်။

၃။ ယခုနှစ်တွင် မိုးရေရရှိရန် အဓိကအရေးပါသည့် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း အိန္ဒိယနိုင်ငံ၏ ကော်ဖီစိုက်ပျိုးရာဒေသများတွင် မိုးရေရရှိမှု သိသိသာသာလျော့နည်းမှုနှင့် ရင်ဆိုင်ခဲ့ရ သည်။ အဆိုပါဒေသအများစု၌ ဇူလိုင်လတွင် ပုံမှန်ရရှိရမည့် မိုးရေချိန်၏ ၅၀ ရာခိုင်နှုန်းသာရရှိခဲ့ပြီး၊ ဩဂုတ်လ ၁ လလုံးနီးပါး ခြောက်သွေ့ခဲ့ကြောင်း သိရသည်။ သို့သော် နောက်ပိုင်းတွင် အဆိုပါဒေသများ၌ မိုးရွာသွန်းမှု တစ်ဖန်ပြန်လည်၍ များပြားလာသည့်အတွက် လက်ရှိအချိန်တွင် ရိတ်သိမ်းလျက်ရှိသည့် အာရေဗီးကားကော်ဖီသီးနှံများ၏ ရှင်သန်ရေးအပေါ် များစွာထိခိုက်စေခဲ့ကြောင်း သိရသည်။

၄။ ယင်းသို့ ခန့်မှန်းရန်ခက်ခဲသော ရာသီဥတုအခြေအနေများကြောင့် အိန္ဒိယနိုင်ငံ၏ ကော်ဖီသီးနှံထွက်ရှိမှု ကျဆင်းကာ ထုတ်လုပ်လိုက်သော ကော်ဖီအရည်အသွေးအပေါ် များစွာအကျိုးသက်ရောက်ဖွယ်ရှိနေကြောင်း သိရသည်။

၅။ အိန္ဒိယနိုင်ငံ၏ ကော်ဖီကဏ္ဍတွင်သာမက ကမ္ဘာ့ကော်ဖီကဏ္ဍတွင်လည်း အလားတူ စိန်ခေါ်မှုများရှိနေသည်။ ၂၀၂၂–၂၃ ခုနှစ် သီးနှံရာသီအတွက် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှုကျဆင်း လာခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာကော်ဖီအဖွဲ့ (ICO) က ဖော်ပြထားသည်။ ကမ္ဘာ့ကော်ဖီ ထုတ်လုပ်မှုသည် ၂၀၂၁–၂၂ ခုနှစ်တွင် (၆၀ ကီလိုဂရမ်ပါ) အိတ် ၁၆၈ ဒသမ ၅ သန်း၊ ၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ ၂၀၂၂–၂၃ ခုနှစ်တွင် အိတ် ၁၇၁ ဒသမ ၃ သန်း၊ ၁ ဒသမ ၇ ရာခိုင်နှုန်းသို့ အနည်းငယ် မြင့်တက်လာခဲ့ကြောင်း ICO မှ အောက်တိုဘာလတွင် ထုတ်ပြန်သော ၎င်း၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။ သို့သော် တစ်ဖက်တွင် ကမ္ဘာ့ကော်ဖီသောက်သုံးမှုမှာ ဆက်လက် မြင့်တက်လျက်ရှိပြီး၊ ၂၀၂၁–၂၂ ခုနှစ်တွင် (၆၀ ကီလိုဂရမ်ပါ) အိတ် ၁၇၅ ဒသမ ၆ သန်း၊ ၄ ဒသမ ၂ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ပြီး၊ ၂၀၂၂–၂၃ ခုနှစ်တွင် အိတ် ၁၇၈ ဒသမ ၅ သန်း၊ ၁ ဒသမ ၇ ရာခိုင်နှုန်း ထပ်မံတိုးမြင့်လာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

၆။ စက်တင်ဘာလတွင် အဆုံးသတ်သည့် ၂၀၂၂–၂၃ ခုနှစ်၊ ကော်ဖီရာသီတွင် စုစုပေါင်း ကော်ဖီအိတ် ၇ ဒသမ ၃ သန်းလျော့ကျဖွယ်ရှိသည့်အတွက် လာမည့်နှစ်တွင်လည်း အဆိုပါ

Agribusiness & Trade

ရောင်းလိုအားမှာ ဆက်လက်လျော့ကျဖွယ်ရှိနေကြောင်း ICO က ခန့်မှန်းထားသည်။ ထို့အပြင် ကမ္ဘာ့ကော်ဖီစေ့တင်ပို့မှုသည်လည်း ဆက်လက်ကျဆင်းလျက်ရှိပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၂၀၂၂-၂၃ ခုနှစ်တွင် အိတ်ပေါင်း ၁၁၀ ဒသမ ၈၁ သန်း၊ ၅ ဒသမ ၅ ရာခိုင်နှုန်းသို့လျော့ကျခဲ့ကြောင်း သိရသည်။ ကိုလံဘီယာကော်ဖီပျော့ (Colombian Milds) တင်ပို့မှုသည် အိတ်ပေါင်း ၁၀ ဒသမ ၇၇ သန်း၊ ၁၁ ဒသမ ၂ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ပြီး၊ ရိုဗက်စတာကော်ဖီစေ့တင်ပို့မှုမှာ အိတ်ပေါင်း ၄၃ ဒသမ ၇၆ သန်း၊ ၂ ဒသမ ၆ ရာခိုင်နှုန်းသို့ အသီးသီးကျဆင်းခဲ့ကြောင်း သိရသည်။

၇။ ကော်ဖီသီးနှံနှစ် ၂၀၂၂-၂၃ ခုနှစ်တွင် ပျော်ဝင်နိုင်သောကော်ဖီ (soluble coffee) ၏ စုစုပေါင်းတင်ပို့မှုမှာ အိတ်ပေါင်း ၁၁ ဒသမ ၄၇ သန်း၊ ၅ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး၊ လှော်ပြီးကော်ဖီမှုန့် (roasted coffee) တင်ပို့မှုမှာ ၂၀၂၁/၂၂ ခုနှစ်က အိတ်ပေါင်း ၀.၈၄ သန်းရှိရာမှ ၀.၇၁ သန်းသို့ ၁၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ICO ကဖော်ပြထားသည်။

၈။ ၂၀၂၂-၂၃ ခုနှစ်တွင် တောင်အမေရိကတိုက်မှ ကော်ဖီမျိုးစုံတင်ပို့မှုသည် အိတ်ပေါင်း ၅၀ ဒသမ ၅၉ သန်း၊ ၁၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ အာဖရိကမှတင်ပို့မှုသည့် ၁၃ ဒသမ ၅၃ သန်း၊ ၁ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်း ကျဆင်းခဲ့ပြီး၊ မက္ကဆီကို၊ ဗဟိုအမေရိက၊ အာရှနှင့် အိုရှင်းနီးယားတို့မှ ကော်ဖီတင်ပို့မှုများလည်း ယခင်နှစ်ကထက် အသီးသီးကျဆင်းခဲ့သည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

၉။ အိန္ဒိယကော်ဖီကဏ္ဍတွင် ကော်ဖီစိုက်ပျိုးရာခရိုင်များအတွင်း လူသားနှင့် တောရိုင်း တိရိစ္ဆာန်ပဋိပက္ခဖြစ်ပွားမှုများ တိုးမြင့်လာနေသည့် စိန်ခေါ်မှုများလည်းရှိနေသည်။ အဆိုပါ ပဋိပက္ခများကြောင့် ထိခိုက်မှုရှိသူ အရေအတွက်သည် ၂၀၂၂-၂၃ ခုနှစ်က ၁၂ ဦးသာရှိရာမှ ယခုနှစ် ဧပြီလမှ ဩဂုတ်လအထိ ကာလအတွင်း ၂၃ ဦးအထိ နှစ်ဆတိုးမြင့်လာခဲ့ကြောင်းနှင့် ကော်ဖီ စိုက်ခင်းပျက်စီးမှုများလည်းရှိကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

၁၀။ အိန္ဒိယနိုင်ငံ၏ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် ရာသီဥတုမမှန်မှုများနှင့် အခြား စိန်ခေါ်မှု အခက်အခဲများကြောင့် ကျဆင်းလျက်ရှိသလို ကမ္ဘာ့ကော်ဖီဈေးကွက်တွင်လည်း ကော်ဖီရောင်းလို အား ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ တစ်ဖက်တွင် ကော်ဖီ သောက်သုံးမှုတိုးမြင့်လာနေ သည့်အတွက် ဝယ်လိုအားမြင့်တက်ကာ ဈေးနှုန်းများမြင့်တက်နိုင်သည့် အနေအထားဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကော်ဖီသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုး၍ ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများရှိ နေပါသဖြင့် မဟာဗျူဟာများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း သုံးသပ် တင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်။** (၁) The Hindu Businessline သတင်းဌာန၊ "Coffee body pegs 7.3 million bags deficit for 2022–23"၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်။

Agribusiness & Trade

(၂) The Hindu Businessline သတင်းဌာန၊ “India’s 2023-24 coffee output likely to be lower on truant weather”၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့

---

## အိန္ဒိယဗဟိုအစိုးရက Bharat Dal တံဆိပ် ကုလားပဲထုပ်များကို တစ်ကီလိုလျှင် ရူပီး ၆၀ ဖြင့် ရောင်းချပေး

အိန္ဒိယဗဟိုအစိုးရသည် Bharat Dal အမှတ်တံဆိပ်အမည်ဖြင့် ကုလားပဲထုပ်များကို စားသုံးသူများအတွက် သက်သာသောဈေးနှုန်းဖြင့်ရရှိနိုင်စေရန် ထောက်ပံ့မှုပေး၍ တစ်ကီလိုဂရမ်လျှင် ရူပီး ၆၀ နှုန်းဖြင့် ဇူလိုင်လတွင် စတင်ရောင်းချခဲ့ပေးခဲ့ကြောင်း၊ လက်ရှိတွင် Bharat Dal ကို အမျိုးသား လယ်ယာထွက်ကုန်သမဝါယမဈေးကွက်အသင်းချုပ် (NAFED) နှင့် အမျိုးသား စားသုံးသူများပူးပေါင်းဆောင်ရွက်ရေးအသင်းချုပ် (NCCF)၊ အစိုးရ၏ ပြည်သူ့သက်သာချောင်ချိရေးအဖွဲ့တစ်ခုဖြစ်သည့် Kendriya Bhandar နှင့် Safal လက်လီဆိုင်များတွင် ဖြန့်ဝေရောင်းချပေးလျှက်ရှိကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ယခုလအစောပိုင်းတွင်လည်း အစိုးရသည် 'Bharat Atta' အမှတ်တံဆိပ်အမည်ဖြင့် ဂျုံမှုန့် တစ်ကီလိုလျှင် ၂၇.၅၀ ရူပီးနှုန်းဖြင့် နိုင်ငံတစ်ဝှမ်းတွင် စတင်ရောင်းချခဲ့ကြောင်း၊ 'Bharat Atta' ကို NAFED၊ NCCF နှင့် Kendriya Bhandars တို့၏ ဆိုင်ခွဲပေါင်း ၂၀၀၀တွင် ရောင်းချ သွားမည်ဖြစ်ကြောင်း၊ ပြည်သူများလက်ဝယ်သို့ ပိုမိုရောက်ရှိဖြန့်ဖြူးနိုင်ရန်အတွက် Bharat Atta အား နိုင်ငံအနှံ့ဖြန့်ကျက်ချထားမည့် ရွေ့လျားမော်တော်ယာဉ် (Mobile Van) အစီး ၈၀၀ မှတဆင့် လည်း ရောင်းချပေးမည်ဖြစ်ကြောင်း၊ အဆိုပါမိုဘိုင်းလ်ဗင်ကားများသည် Bharat Dal ကိုလည်း တစ်ကီလိုလျှင် ရူပီး ၆၀ ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ဈေးနှုန်းတည်ငြိမ်ရေး ရန်ပုံငွေ (PSF) ဖြင့် ကုလားပဲ၊ ပဲစင်းငုံ၊ မတ်ပဲ ၊ ပဲတီစိမ်းနှင့် ပဲနီလေး စသည့် အဓိက ပဲငါးမျိုးကို အရန်အနေဖြင့်ဝယ်ယူ သိုလှောင်ထားရှိပြီး ဈေးနှုန်းထိန်းချုပ်ရန် လိုအပ်သည့်အချိန်တွင်ဈေးကွက်အတွင်း ပြန်လည်ဖြန့်ဖြူးရောင်းချပေး ရှိရာ၊ Bharat Dal အမှတ်တံဆိပ်အောက်တွင် ကုလားပဲ အရန်များကို သင့်လျော်သည့် ဈေးနှုန်း ဖြင့် ဖြန့်ဖြူးရောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်း ပဲမျိုးစုံရရှိနိုင်မှုတိုးမြင့်လာစေရန်အတွက် ပဲစင်းငုံနှင့် မတ်ပဲ တင်သွင်းမှုများကို အခွန်ကောက်ခံခြင်းမပြုဘဲ ၂၀၂၄ ခုနှစ်၊ မတ်လအထိ ဖြေလျော့ကင်းလွတ်ခွင့်ပြုထားကြောင်း၊ Bharat Atta အတွက် ဗဟိုအစိုးရသည် အိန္ဒိယအစားအသောက်ကော်ပိုရေးရှင်း (FCI) မှ ဂျုံတန်ချိန် ၂.၅ သိန်းကို Nafed၊ NCCF နှင့် Kendriya Bhandars တို့အား တစ်ကီလိုလျှင်

ရူပီး ၂၁.၅၀ ဖြင့် ခွဲဝေပေးမည်ဖြစ်ကြောင်း၊ အဆိုပါအေဂျင်စီများသည် ၎င်းကို ဂျုံမှုန့်အဖြစ်သို့ ပြောင်းလဲပြီး တစ်ကီလိုလျှင် ရူပီး ၂၇.၅၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည့်အတွက် အိန္ဒိယနိုင်ငံ၏ အခြေခံစားသောက်ကုန်စည်ဖြစ်သည့် ပဲမျိုးစုံဈေးနှုန်းထိန်းချုပ်နိုင်ရေးအတွက် အစိုးရမှ အစီအစဉ်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုအခြေအနေများကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

Source: Central Govt selling Bharat Dal at RS 60 per kg, Where to buy, The Economic Times, November 13, 2023.
မျိုးမြင့်မောင်၊စီးပွားရေးသံမှူး
နယူးဒေလီမြို့

---

## ထိုင်းဘတ် ၅၆ ဘီလီယံကို ဆန်စပါးထောက်ပံ့ပေးရာတွင် အသုံးပြုရန်အတွက် ထိုင်းနိုင်ငံအစိုးရအဖွဲ့ သဘောတူ

၂၀၂၃-၂၀၂၄ စပါးရိတ်သိမ်းရာသီတွင် ထောက်ပံ့ပေးရန်အတွက် ဘတ် ၅၆ ဘီလီယံကို အစိုးရ အဖွဲ့က ထပ်မံခွင့်ပြုခဲ့ကြောင်း၊ ဆန်စပါး ထောက်ပံ့ပေးရန်အတွက် အစိုးရ၏ အသုံးစရိတ်ကို စုစုပေါင်း ဘတ် ၁၁၁ ဘီလီယံသို့ တိုးမြှင့်လိုက်ကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့် ဆောင်ရွက်ချက်အနေဖြင့် လယ်သမားများအား ၁ ဧကလျှင် ဘတ် ၁,၀၀၀ ဖြင့် ဧက ၂၀ ထက်မပိုစေဘဲ ထောက်ပံ့ခြင်းဖြင့် ဆန်စပါးအရည်အသွေးတိုးတက်လာစေရန် ရည်ရွယ်ပါကြောင်း၊ ယင်းနည်းလမ်းသည် အိမ်ထောင်စု ၄.၆၈ သန်းကို အကျိုးရှိစေကြောင်း၊ အစိုးရအဖွဲ့၏ ခွင့်ပြုချက် ရရှိပြီး သည်နှင့်တစ်ပြိုင်နက် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမဘဏ်က သတ်မှတ်ချက်နှင့် ကိုက်ညီသော လယ်သမားများအား ငွေပေးအပ်သွားမည်ဖြစ်ပြီး ၁ လအတွင်း ဆောင်ရွက်သွားမည် ဖြစ် ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Phumtham Wechayachai က ပြောကြားခဲ့ပါသည်။

အစိုးရအဖွဲ့အစည်းအဝေးတွင် သေချာစွာညှိနှိုင်းဆွေးနွေးပြီးမှသာ ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဘဏ်က ငွေပေးချေမှုဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို နိုဝင်ဘာလ ၁၇ သို့မဟုတ် ၂၀ ရက်နေ့အတွင်း ရှင်းလင်းပြီးသည်နှင့် လယ်သမား များသို့ ပေးအပ်သွားနိုင်ရန် မျှော်လင့်ရပါကြောင်း၊ အစိုးရအဖွဲ့က နိုဝင်ဘာလ ၇ ရက်နေ့က ဆန်စပါး အတွက် ထောက်ပံ့ရန် ဘတ် ၅၅ ဘီလီယံ ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ထောက်ပံ့မည့် လုပ်ငန်းစဉ် ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ မှ ၂၀၂၄ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဖြစ်ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားပါသည်။

၂၀၂၃-၂၀၂၄ စိုက်ပျိုးရာသီတွင် အဓိကသီးနှံမှ တန်ချိန် ၂၅.၆ သန်းနှင့် ရာသီချိန်လွန် စိုက်ပျိုးခြင်းမှ ဆန်စပါး တန်ချိန် ၆.၇၈ သန်း၊ စုစုပေါင်း တန်ချိန် ၃၂ သန်းထွက်ရှိရန် ဝန်ကြီးဌာနက ခန့်မှန်းထားပါကြောင်း၊ လာမည့် ရိတ်သိမ်းရာသီတွင် ဆန်စပါးဈေးနှုန်းအပေါ် အစိုးရ၏ ထောက်ပံ့မည့် မူဝါဒ ကို ပြင်ဆင်သွားရန် အစီအစဉ်ရှိပါကြောင်း၊ စိုက်ပျိုးရေးကုန်ကျစရိတ်ကို လျှော့ချခြင်းနှင့် တီထွင်ဆန်း သစ်မှုမှ ထုတ်လုပ်မှုစွမ်းရည် မြင့်တက်လာစေရန် ရည်ရွယ်ပါကြောင်း၊ လယ်သမားများ၏ ဝင်ငွေတိုးပွားစေရန်နှင့် ဘတ်ဂျက်အသုံးစရိတ်လျှော့ချရန်ဖြစ်ကြောင်း ဝန်ကြီး Mr. Phumtham က ပြောကြားခဲ့ပါသည်။

Source: www.bangkokpost. gov

သီတာဝင်း၊ စီးပွားရေးသံမှူး

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။

---

## ထိုင်းနိုင်ငံ ပြည်တွင်းသကြားဈေးနှုန်း ၂ ဘတ် တိုးမြှင့်ရန် အစိုးရအဖွဲ့ သဘောတူ

ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ကိုက်ညီစေရန် ပြည်တွင်းသကြားဈေးနှုန်းကို ၂ ဘတ် တိုးမြှင့်ပေးရန် ထိုင်းနိုင်ငံ အစိုးရအဖွဲ့က သဘောတူလိုက်ကြောင်း၊ သဘာဝပတ်ဝန်းကျင်အတွက်ရည်ရွယ်သည့် ကြံနှင့်သကြားရန်ပုံငွေအတွက် ၂ ဘတ်ကိုမူ စားသုံးသူများတွင် အဆိုပါကုန်ကျစရိတ်အတွက် ဝန်ထုပ် ဝန်ပိုးမဖြစ်စေလို၍ သဘောမတူခဲ့ကြောင်း သိရှိရပါသည်။

ဈေးနှုန်းတိုးမြှင့်ခြင်းသည် ချက်ချင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကြံစိုက်တောင်သူများနှင့် ကြိတ်စက်လုပ်ငန်းရှင်များထံမှ အကြံပြုချက်များရရှိခဲ့ပါကြောင်း၊ ကြံစိုက်တောင်သူများ၏ ကုန်ကျစရိတ်ကို ထည့်သွင်းတွက်ချက်ပေးရမည် ဖြစ်ကြောင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုများဈေးနှုန်း ဗဟိုကော်မတီကလည်း စက်ရုံထုတ်သကြားကြမ်းဈေးနှုန်းကို ၁ ကီလိုဂရမ်လျှင် ၂၁ ဘတ်၊ သန့်စင်ပြီးသကြားဈေးနှုန်းကို ၂၂ ဘတ် သို့ တိုးမြှင့်ရန် သဘောတူခဲ့ပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Phumtham Wechayachai က ပြောကြားခဲ့ပါသည်။

လက်လီဈေးနှုန်းများနှင့်စပ်လျဉ်း၍ လက်လီကုန်သည်များသည် နယ်ပယ်များစွာတွင် ကုန်ကျစရိတ်များ မတူညီနိုင်သဖြင့် သကြားအတွက် ဈေးနှုန်းထိန်းချုပ်ခြင်းကို ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ် ခဲ့ပါကြောင်း၊ သို့သော် လက်လီဈေးနှုန်းများသည် အမှန်တကယ်ကုန်ကျစရိတ်နှင့် ကိုက်ညီရန်လိုကြောင်း၊ လက်လီဈေးနှုန်းများ မတရားသဖြင့် မြင့်တက်နေခြင်းရှိမရှိ သေချာစွာစောင့်ကြည့်ရန် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနနှင့် ခရိုင်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ထမ်းများအား ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က မှာကြားထားပါကြောင်း ပြည်တွင်း

ကုန်သွယ်ရေးဦးစီးဌာန၏ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Chakara Yodmani က ဖြည့်စွက်ပြောကြားခဲ့ပါသည်။

စူပါမားကတ်များနှင့် စတိုးဆိုင်များတွင် သန့်စင်ပြီးသကြားဈေးသည် ၁ ကီလိုဂရမ်လျှင် ၂၆-၂၇ ဘတ်သို့ မြင့်တက်နိုင်ကြောင်း၊ သကြား ၁ တန်နှင့်အထက် တင်ပို့လိုပါက ဝန်ကြီးဌာနသို့ ကြိုတင် ခွင့်ပြုချက်ရယူရမည်ဆိုသည့် သကြားတင်ပို့မှုကို တင်းကျပ်ခဲ့သည့် ညွှန်ကြားချက်ကို ဖျက်သိမ်းရန် ကော်မတီက ခွင့်ပြုခဲ့ပါကြောင်း သိရှိရပါသည်။

အစိုးရက သကြားဈေးတက်လာမှု၏ သက်ရောက်မှုအတွက် စိုးရိမ်နေပါက နေထိုင်မှုစရိတ်လျှော့ချရန်အတွက် ၃-၆ လကြာ သကြားခွန်ကို ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် လျှော့ချခြင်းနည်းလမ်းများကို စဉ်းစားသင့်ကြောင်း၊ သကြားခွန်ကို ကုမ္ပဏီကြီးများက ထုတ်လုပ်သော အစားအသောက်နှင့် အဖျော်ယမကာများပေါ်တွင် ကောက်ခံခြင်းဖြစ်ကြောင်း၊ သကြား၏ ကျန်းမာရေးအပေါ်သက်ရောက်မှုကို စိုးရိမ်မှုကြောင့် အခွန်ကောက်ခံခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီကြီးများသည် ဈေးကွက်ယှဉ်ပြိုင်နိုင်ရန် လုပ်ငန်းနှင့် လည်ပတ်စရိတ်ကို စီမံခန့်ခွဲသင့်ကြောင်း ရင်းမြစ်တစ်ခုက သုံးသပ်ထားပါသည်။

သကြားစိုက်ပျိုးခြင်းကို မည်သို့ ထောက်ပံ့ပေးသင့်သည်၊ ထုတ်လုပ်မှုအတွက် မည်ကဲ့သို့သော ကုန်ကြမ်းများ ထောက်ပံ့ပေးသင့်သည်ဆိုသည့် အချက်များကို စဉ်းစားသင့်ကြောင်း၊ ကြံစိုက်တောင်သူများနှင့် သကြားထုတ်လုပ်သူများသည် ဓာတ်မြေသြဇာ၊ စွမ်းအင်နှင့် လုပ်သားကုန်ကျစရိတ်များအတွက် ရုန်းကန်နေရပါကြောင်း၊ ဈေးနှုန်းပြင်ဆင်ခြင်းသည် သကြားစက်ရုံများနှင့် ပြည်သူအပေါ် အထောက်အကူမပြုဘဲ ဈေးကွက်နည်းလမ်းကို အစိုးရက ဝင်ရောက်နှောင့်ယှက်သည့် ပုံစံဖြစ်နေပါကြောင်း ရင်းမြစ်တစ်ခုက ဖြည့်စွက်သုံးသပ်ထားပါသည်။

သကြားဈေးမြင့်တက်ခြင်းသည် ကုမ္ပဏီ၏ ထိန်းချုပ်မှုပြင်ပဖြစ်နေပါကြောင်း၊ ကုမ္ပဏီ၏ စုစုပေါင်းထုတ်ကုန်၏ ၁၀-၁၂ ရာခိုင်နှုန်းတွင် သကြားပါဝင်ပါကြောင်း၊ သကြားဈေးနှုန်း ၁၀ ရာခိုင်နှုန်းမြင့် တက်ခြင်းသည် ကုန်စည်၏ ရောင်းဈေးကို ၀.၅ ရာခိုင်နှုန်းသက်ရောက်ပါကြောင်း အဖျော်ယမကာ ထုတ်လုပ်သည့် Sappe Plc မှ အကြီးတန်းအရာရှိဖြစ်သူ Ms. Piyajit Ruckariyapong က သုံးသပ်ထား ပါသည်။

Source: www.bangkokpost. gov

သီတာဝင်း၊ စီးပွားရေးသံမှူး

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။

---

Agribusiness & Trade

## ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်များရှိသည့် နိုင်ငံများစာရင်းတွင် မြန်မာပါဝင်ကြောင်း ရုရှားအစိုးရက အတည်ပြု

ရုရှားအစိုးရသည် ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်များရှိသည့် နိုင်ငံများ၏ စာရင်းကို အတည်ပြုခဲ့ပြီး ၎င်းတို့သည် ပြည်ပနိုင်ငံပေါင်း ၆၄ နိုင်ငံတွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

အစိုးရသည် ရုရှားနိုင်ငံ၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရန် စိတ်ဝင်စားသော ပြည်တွင်းကုမ္ပဏီများအား စနစ်တကျ ပံ့ပိုးကူညီမှုများ လုပ်ဆောင်လျက်ရှိပါသည်။ ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်များရှိသည့် နိုင်ငံများ၏ စာရင်းဖြင့် ရုရှားကုမ္ပဏီများသည် အဆိုပါနိုင်ငံအသီးသီးမှ ဈေးကွက်များတွင် အလုပ် လုပ်ကိုင်နိုင်မည့် အလားအလာများကို အကဲဖြတ်နိုင်မည့်အပြင် လိုအပ်သော ထုတ်ကုန်များကို တင်သွင်းနိုင်ရန်အတွက်လည်း ပိုမိုလွယ်ကူစေမည်ဖြစ်ပါသည်။

၂၀၂၀ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်ရုံးကို ပြည်ပနိုင်ငံ ၆ နိုင်ငံတွင် ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် ဆီးရီးယားနိုင်ငံ၌ လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် မြန်မာ၊ ဖိလစ်ပိုင်၊ မက္ကဆီကိုနှင့် အီသီယိုးပီးယားနိုင်ငံတို့တွင် လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံ၌ လည်းကောင်း အသီးသီးဖွင့်လှစ်နိုင်ခဲ့ပါသည်။

အဆိုပါနိုင်ငံများရှိ ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်များ၏ လုပ်ငန်းများသည် ပြည်တွင်း ပို့ကုန် လုပ်ငန်းရှင်များကို ပံ့ပိုးကူညီခြင်းအပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုဆက်ဆံရေးတိုးချဲ့ရန် ဖြစ်ပါသည်။

ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်ရုံးသည် ရုရှားနိုင်ငံနှင့် အိမ်ရှင်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးကို မြှင့်တင်ခြင်းနှင့် ပံ့ပိုးကူညီခြင်းများ ဆောင်ရွက် လျက်ရှိပါသဖြင့် ရုရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်လိုသော မြန်မာလုပ်ငန်းရှင်များအနေဖြင့် အဆိုပါကိုယ်စားလှယ်ရုံးနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားနိုင်ပါက အခွင့်အလမ်း ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။

Source : https://tass.ru/ekonomika/၁၉၂၃၃၀၄၉

ခွန်မျိုးသူ၊စီးပွားရေးသံမှူး
မော်စကိုမြို့

Agribusiness & Trade

# ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း နှင့် နိုင်ငံတကာစားသောက်ကုန် ဈေးနှုန်းသတ်မှတ်ချက်များ ကျဆင်းခဲ့ကြောင်း ဖော်ပြခြင်း

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း (FAO Food Price Index) ကို ၃-၁၁-၂၀၂၃ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ရာ အောက်တိုဘာလတွင် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း နှင့် နိုင်ငံတကာစားသောက်ကုန် ဈေးနှုန်းသတ်မှတ်ချက်များ ကျဆင်းခဲ့ကြောင်းဖြင့် ဖော်ပြထားပါသည်။

အဆိုပါထုတ်ပြန်ချက်တွင် အောက်ပါအချက်များကို အဓိက ဖော်ပြထားပါသည် -

- အောက်တိုဘာလတွင် နို့ထွက်ပစ္စည်းများ ဈေးနှုန်းညွှန်းကိန်း မြင့်တက်ခဲ့ခြင်းမှလွဲ၍ ကျန်စားသောက်ကုန်ဈေးနှုန်းများ အသင့်အတင့် ကျဆင်းခဲ့ကာ FAO စားနပ်ရိက္ခာ ဈေးနှုန်း ညွှန်းကိန်း ပျမ်းမျှ ၁၂၀.၆ မှတ်ရှိခဲ့ကြောင်း၊
- FAO နံ့စားသီးနှံဈေးနှုန်းညွှန်းကိန်းသည် ယခင်လမှ ၁.၀ ရာခိုင်နှုန်း ဆက်လက် ကျဆင်းခဲ့ကြောင်း၊ ယေဘုယျအားဖြင့် ကမ္ဘာလုံးဆိုင်ရာ ဆန်ဝယ်လိုအား အေးစက်ခဲ့သည့်အတွက် နိုင်ငံတကာဆန်ဈေးနှုန်းများ ၂.၀ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ အမေရိကန်နိုင်ငံတွင် ဂျုံတင်ပို့မှု ခိုင်မာခဲ့ခြင်းနှင့် ဂျုံတင်ပို့သူများအကြား ယှဉ်ပြိုင်မှု အားကောင်းခဲ့ခြင်းတို့ကြောင့် နိုင်ငံတကာ ဂျုံဈေးနှုန်းများ ၁.၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း အသီးသီး ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် အာဂျင်တီးနားနိုင်ငံတွင် ပြောင်းဆံတင်ပို့မှု ကျဆင်းခဲ့မှုကြောင့် ဆန်ကြမ်းဈေးနှုန်း သတ်မှတ်ချက် များ အနည်းငယ် မြင့်တက်ခဲ့ကြောင်း၊
- FAO ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းညွှန်းကိန်းသည် ရာသီပေါ် ဆီထွက်သီးနှံများ ဖြစ်ထွန်း မှုနှင့် ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအား နှေးကွေးခဲ့မှုတို့ကြောင့် စားအုန်းဆီဈေးနှုန်း များ ကျဆင်းခဲ့ပြီး ပဲပိစပ်ဆီ၊ နေကြာဆီနှင့် မုန်ညင်းဆီဈေးနှုန်းများ မြင့်တက်မှုကို ခုနှိမ်ကာ ယခင်လမှ ၀.၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ဇီဝဒီဇယ်ကဏ္ဍမှ ဝယ်ယူမှု ခိုင်မာအားကောင်းခဲ့မှုကြောင့် ပဲပိစပ် ဆီဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊
- FAO သကြားဈေးနှုန်းညွှန်းကိန်းသည် အောက်တိုဘာလတွင် ၂.၂ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ယခင်နှစ်တွင် ရှိခဲ့သည့် ဈေးနှုန်းထက် ၄၆.၄ ရာခိုင်နှုန်း မြင့်တက်နေသေးကြောင်း၊ သကြားဈေးနှုန်းများ ကျဆင်းမှုသည် အဓိကအားဖြင့် ဘရာဇီးလ်နိုင်ငံတွင် သကြားထုတ်လုပ်မှု ခိုင်မာအားကောင်းခဲ့ခြင်းနှင့် ဆက်စပ်နေကြောင်း၊
- ကြက်၊ ဘဲ၊ အမဲသားနှင့် သိုးသား ဈေးနှုန်းများ အနည်းငယ် မြင့်တက်မှုကို ခုနှိမ်ပြီး အထူးသဖြင့် အရှေ့အာရှဒေသတွင် ဝယ်လိုအား နှေးကွေးခဲ့သည့်အတွက် နိုင်ငံတကာ

Agribusiness & Trade

ဝက်သား ဈေးနှုန်းများ ကျဆင်းခဲ့မှုကြောင့် အောက်တိုဘာလတွင် FAO အသားဈေးနှုန်းညွှန်းကိန်းသည် ဝ.၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊

- သို့ရာတွင် နို့ထွက်ပစ္စည်းဈေးနှုန်းညွှန်းကိန်းမှာ ၉ လ ဆက်တိုက် ကျဆင်းခဲ့ပြီးနောက် အောက်တိုဘာလတွင် ၂.၂ ရာခိုင်နှုန်း ပြန်လည်မြင့်တက်ခဲ့ကြောင်း၊ ရေတိုနှင့် ရေရှည်ကာလတို့ အတွက် နို့မှုန့်ဝယ်လိုအား ခိုင်မာမြင့်တက်ခဲ့မှုနှင့် သမုဒ္ဒရာဒေသနိုင်ငံများတွင် လာမည့်ရာသီတွင် နို့ထုတ်လုပ်မှုအပေါ် အယ်လ်နီညိုရာသီဥတု သက်ရောက်နိုင်ခြေရှိနေမှုတို့ကြောင့် မသေချာမှုများ ရှိနေသည့်အတွက် ကမ္ဘာ့ဈေးကွက်တွင် နို့မှုန့်ဈေးနှုန်းများ အများဆုံးမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာသံရုံး
ရောမမြို့

---

## တရုတ်နိုင်ငံသည် Trans-Pacific Partnership Agreement (CPTPP) သို့ ဝင်ရောက်နိုင်ရန် လုပ်ဆောင်နေ

တရုတ်နိုင်ငံသည် Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) နှင့် Digital Economy Partnership Agreement(DEPA) တို့သို့ ဝင်ရောက်နိုင်စေရန် တက်ကြွစွာ လုပ်ဆောင်နေသည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ He Yadong က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် CPTPP ပါ ပြဋ္ဌာန်းချက်များအားလုံးကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အသေးစိတ်ခွဲခြမ်းစိတ်ဖြာ၍ အကဲဖြတ်ခဲ့ပြီး ဆောင်ရွက်ရန်လိုအပ်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ပြင်ဆင်ရန် လိုအပ်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ဖော်ထုတ်ခဲ့သည်ဟု ၎င်းကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ဟိုင်နန်လွတ်လပ်သောကုန်သွယ်မှုဆိပ်ကမ်းနှင့် ရှေ့ပြေးလွတ်လပ်သောကုန်သွယ်ရေးဇုန်များတွင်လည်း CPTPP စံနှုန်းများနှင့်အညီ ရှေ့ပြေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံသည် CPTPP သို့ ဝင်ခွင့်လုပ်ငန်းစဉ်များအတိုင်း အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့အပြင် တရုတ်နိုင်ငံသည် DEPA တွင် ပါဝင်ခွင့်ရရှိရေးအတွက် ဇွေစပ်ညှိနှိုင်းမှုများ လုပ်ဆောင်ရန် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ယခင်နှစ် ဩဂုတ်လ၌ စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် တရုတ်နိုင်ငံအနေဖြင့် သဘောတူညီချက်ပါ ကိစ္စရပ်များအတွက် အဖွဲ့ဝင်နိုင်ငံများနှင့် အသေးစိတ်

Agribusiness & Trade

ညှိနှိုင်းမှုများ ပြုလုပ်နေသည်ဟု ၎င်းက ပြောကြားခဲ့ပါသည်။ ယခုအချိန်အထိ ဝန်ကြီးအဆင့် ဆွေးနွေးပွဲ(၂)ကြိမ်၊ ညှိနှိုင်းရေးမှူးအဆင့် အစည်းအဝေး (၃)ကြိမ်နှင့် လုပ်ငန်းအဖွဲ့အဆင့် အလွတ်သဘောညှိနှိုင်းမှု (၃)ကြိမ်ကို ကျင်းပခဲ့ပြီး အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံသည် CPTPP နှင့် DEPA တို့သို့ အမြန်ဆုံး ပူးပေါင်းပါဝင်နိုင်ရန် မျှော်လင့် ထားပြီး ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကို တက်ကြွစွာ မြှင့်တင်ရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရန်နှင့် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန်အတွက် အဖွဲ့ဝင်နိုင်ငံများ အားလုံးနှင့် အတူလက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် ဆန္ဒရှိသည်ဟု ၎င်းက ထပ်မံပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: https://www.chinadaily.com.cn/a/202311/09/WS654cc2f7a31090682a5ed67a.html
ကေခိုင်ကျော်၊စီးပွားရေးသံမှူး
နန်နင်းမြို့

---

## အိန္ဒိယနိုင်ငံသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် အဆင့်မြှင့်တင်ထားသော အီလက်ထရွန်းနစ်စနစ် သုံး ဘဏ်အသိအမှတ်ပြု လက်မှတ်စနစ်အား နိုဝင်ဘာ ၁၅ ရက်မှ စတင်၍ စမ်းသပ်ဆောင်ရွက်မည်

အိန္ဒိယ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်တင်ပို့မှုလုပ်ငန်းများ လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်လုပ်ငန်းရှင်များကိုယ်တိုင် အသိအမှတ်ပြုလက်မှတ်ရယူ ဆောင်ရွက်နိုင်ရန် ပြန်လည်ပြင်ဆင်ထားသော အီလက်ထရွန်းနစ်စနစ်သုံး ဘဏ်အသိ အမှတ်ပြုလက်မှတ် (Electronic Bank Realization Certificate – eBRC)ကို နိုဝင်ဘာ ၁၅ ရက်တွင် စတင်စမ်းသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ eBRIC သည် ပို့ကုန်လုပ်ငန်းရှင်များအတွက် အရေးကြီးသော စာရွက်စာတမ်းတစ်ခုဖြစ်ပြီး တင်ပို့သူသည် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ တင်ပို့ခြင်းအတွက် ပြည်ပမှဝယ်သူထံမှ ငွေပေးချေမှုကို လက်ခံရရှိကြောင်း အတည်ပြုချက်အဖြစ် ဘဏ်မှ ထုတ်ပေးသည့် စနစ်ဖြစ်ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ယင်း လက်မှတ်သည် ပြည်ပနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှုမှရရှိသော နိုင်ငံခြားငွေရရှိမှုကို နိုင်ငံခြားငွေလဲလှယ်မှုစည်းမျဉ်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိမှု သက်သေခံလက်မှတ်တစ်ခုဖြစ်ကြောင်း၊ eBRC များကို ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် သတ်မှတ်ကုန်စည်များ ပြည်ပသို့ တင်ပို့မှုများအတွက် ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံခြားကုန်သွယ်ရေးအထွေထွေညွှန်ကြားမှုဦးစီးဌာန (DGFT) ၏ ထုတ်ပြန်ကြေငြာချက်အရ အဆင့်မြှင့်တင်ထားသော ယင်းစနစ်သည် ဘဏ်များမှ DGFT သို့ တိုက်ရိုက်ပေးပို့မည့် အီလက်ထရွန်းနစ် ငွေလွှဲစာရင်း အချက်အလက်များကို အခြေခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နှင့် လက်ခံရရှိသောစာရင်းအချက်အလက်များကို အခြေခံ၍ တင်ပို့သူများသည် ၎င်းတို့၏ eBRCs များကို ကိုယ်တိုင် အသိအမှတ်ပြုလက်မှတ်များ ထုတ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ ယင်းစနစ်သည် ပို့ကုန်လုပ်ငန်းရှင်များအား အချိန်နှင့် ကုန်ကျစရိတ်များကို လျှော့ချနိုင်စေမည်ဖြစ်သည့်အပြင် ၎င်းသည် ငွေလွှဲအထောက်အထား (IRMs) များကို ပို့ဆောင်ခများ၊ ကုန်ရောင်းဝယ်မှုဆိုင်ရာ အထောက်အထား၊ ပြေစာများစသည်တို့ကို လွယ်ကူရှင်းလင်းစွာ ပြန်လည်ပေါင်းစည်းခြင်းဖြင့် ဘဏ်လုပ်ငန်းရှင်များ၏ ဝန်ထုပ်ဝန်ပိုးကို သက်သာစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြန်လည်မွမ်းမံထားသော eBRC စနစ်အား စမ်းသပ်အသုံးပြုခြင်းကို နိုဝင်ဘာ ၁၅ ရက်တွင်စတင်ရန် အဆိုပြုထားကြောင်း၊ ယင်းနေ့မှစတင်၍ သုံးစွဲသူလက်ခံမှုကို စမ်းသပ်ဆောင်ရွက်မည်ဖြစ်ပြီး ဘဏ်တစ်ခုချင်းစီသည် ၎င်းတို့၏အဆင်သင့်ဖြစ်မှုအပေါ်အခြေခံ၍ တရားဝင်စတင်ဆောင်ရွက်မည့်နေ့ရက်ကို ထုတ်ပြန်ကြေငြာသွားမည်ဖြစ်ကြောင်း၊ eBRC စနစ်၏ အသုံးပြုသူလမ်းညွှန်နှင့် အမေးများသောမေးခွန်းများ (FAQs) ကို DGFT ဝဘ်ဆိုက်တွင် ရနိုင်မည်ဖြစ် ကြောင်း၊ စနစ်အကြောင်းသရုပ်ပြရန်နှင့် အသိပညာမြှင့်တင်ရန် ပို့ကုန်လုပ်ငန်းရှင်များအတွက် အသိပညာပေးအစီအစဉ်များကိုလည်း စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း DGFT က ပြောကြား ထားသည်။

အိန္ဒိယစက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌနှင့် Patton Group ၏ မန်နေဂျင်းဒါရိုက်တာ ဖြစ်သူ Sanjay Budhia က eBRC အစီအစဉ်သည် ကောင်းမွန်သည့် လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း၊ ယင်းသည် ပို့ကုန်လုပ်ငန်းများနှင့် ဘဏ်များ၏ အရင်းအမြစ်နှင့် ကုန်ကျစရိတ်များ လျှော့ချနိုင်ရန် အကူအညီဖြစ်စေမည်ဖြစ်ကြောင်း၊ DGFT သည် ၎င်းတို့၏ လုပ်ငန်းစဉ်များအားလုံးနီးပါးကို အလိုအလျောက် စနစ်သို့ လုပ်ဆောင်ထားပြီးဖြစ်ကြောင်းနှင့် ယခု ခြေလှမ်းသစ်ကြောင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်မြှင့်တင်ခြင်းအပေါ် အပြည့်အဝအာရုံစိုက်နိုင်ပြီး ၂၀၃၀ ခုနှစ်တွင်ပို့ကုန်မှ အမေရိကန်ဒေါ်လာ ၂ ထရီလီယံရရှိရေး နိုင်ငံ၏ရည်မှန်းချက်ပန်းတိုင် ရရှိအောင်မြင်စေမည်ဖြစ်ကြောင်း ပြောကြား ထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ပို့ကုန်ရငွေပြန်လည်ဝင်ရောက်မှု အသိအမှတ်ပြု သက်သေခံလက်မှတ်များကို အီလက်ထရွန်စနစ်အသုံးပြု၍ တင်ပို့သူကိုယ်တိုင်ထုတ်ယူနိုင်သည့်စနစ်များကို စမ်းသပ်ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

Source: Pilot launch of upgraded electronic bank realisation certificate system for exporters from Nov 15.

မျိုးမြင့်မောင်၊စီးပွားရေးသံမှူး

နယူးဒေလီမြို့

---